အသင်တို့နှစ်ဦးတောင်းဆိုနေသည့်အရာထက်ပိုကောင်းသောအရာကို အသင်တို့ကို မသင်ပေးရဘူးလား။ အသင်တို့နှစ်ယောက်အိပ်ရာဝင်သောအခါ စွဗ်ဟာနလ္လာဟ် ၃၃ ကြိမ်၊

အလ်ဟမ်ဒုလိလ္လာဟ် ၃၃ကြိမ်၊ အလ္လာဟုအက္ကဗရ်၃၄ကြိမ်၊ကို ဖတ်ရွတ်ပါလေ။ ဤသည် အသင်တို့နှစ်ယောက်အတွက်အိမ်ဖော်(ရရှိခြင်း)ထက် ပိုကောင်းပေသည်။

အလီ(ရဿွိယလ္လာဟုအန်ဟု)ဆင့်ပြန်ခဲ့သည်။ ဖာသွိမဟ်(ရဿွိယလ္လာဟုအန်ဟာ)သည်
တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံတော်ပါးသို့လာ၍ကြိတ်ဆုံလှည့်ရသည့်အတွက်
သူမလက်တွင်ခံစားနေရသော နာကျင်မှုကို ညည်းတွားနေခဲ့သည်။ သူမသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံသို့ လက်ရသုံ့ပန်းရောက်ရှိလာခဲ့
ကြောင်းသိရှိခဲ့သည်။ သို့သော် သူမသည် ကိုယ်တော်မြတ်နှင့်မတွေ့ခဲ့သည့်အတွက်
လာရသည့်အကြောင်းရင်းကို အာအိရှဟ်(ရဿွိယလ္လာဟုအန်ဟာ)သခင်မကို ပြောပြခဲ့ရာအာအိရှဟ်(ရဿွိယလ္လာဟုအန်ဟာ)သခင်မကလည်း ကိုယ်တော်မြတ်ရောက်လာသည့်အခါဖာသွိမဟ်(ရဿွိယလ္လာဟုအန်ဟာ)သည် လာခဲ့ကြောင်းပြောပြခဲ့သည်။အလီ(ရဿွိယလ္လာဟုအန်ဟု)ကပြောသည်မှာ ကိုယ်တော်သည် ကျွန်တော်တို့ထံကို
ကြွမြန်းလာခဲ့သည်။ ထိုအချိန်တွင် ကျွန်တော်တို့ အိပ်ရာဝင်ပြီးသွားပြီဖြစ်သည်။ကျွန်တော်က ထမယ်လုပ်သည့်အခါ ကိုယ်တော်က အသင်တို့နေရာ၌သာနေကြပါ။ မထပါနှင့်။
ထို့နောက် ကိုယ်တော်မြတ်သည်လာ၍ကျွန်တော်နှင့်ဖာသွိမဟ်၏အလယ်တွင်
ထိုင်တော်မူလိုက်ရာ ကျွန်တော်၏ဗိုက်ပေါ်တွင်ကိုယ်တော့်ခြေတော်၏ အေးမြမှုကိုပါထိတွေ့ခံစားရ၏။ ကိုယ်တော်က မိန့်တော်မူသည်မှာအသင်တို့နှစ်ဦးတောင်းဆိုနေသည့်အရာထက်ပိုကောင်းသောအရာကို အသင်တို့ကို
မသင်ပေးရဘူးလား။ အသင်တို့နှစ်ယောက် အိပ်ရာဝင်သောအခါ စွဗ်ဟာနလ္လာဟ် ၃၃ ကြိမ်၊
အလ်ဟမ်ဒုလိလ္လာဟ် ၃၃ကြိမ်၊ အလ္လာဟုအက္ကဗရ်၃၄ကြိမ်၊ ကို ဖတ်ရွတ်ပါလေ။ ဤသည်
အသင်တို့နှစ်ယောက်အတွက် အိမ်ဖော်(ရရှိခြင်း)ထက် ပိုကောင်းပေသည်။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏သမီးတော် ဖာသွိမဟ်(ရဿွိယလ္လာဟုအန်ဟာ)သည်တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံတော်ပါးသို့လာ၍ကြိတ်ဆုံလှည့်ရသည့်အတွက်သူမလက်တွင်ခံစားနေရသော နာကျင်မှုကို ညည်းတွားနေခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံသို့လက်ရသုံ့ပန်းရောက်ရှိလာသောအခါ သူမသည်ယင်းသုံ့ပန်းမှ အိမ်၌မိမိ‌ နေရာတွင်အလုပ်လုပ်ပေးမည့် အိမ်ဖော်တစ်ယောက်ရရန်တောင်းဆိုဖို့အတွက် ကိုယ်တော်မြတ်ထံသို့သွားသည်။ သို့သော် သူမသည်ကိုယ်တော်မြတ်နှင့်မတွေ့ခဲ့ပေ။ ထို့ကြောင့် သူမသည် မိမိလာရသည့်အကြောင်းရင်းကို

https://sunnah.global/hadeeth/my/show/6076

